# ငါးဖယ်ထူ(မြောက်)ကျေးရွာ

# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၆-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ငါးဖယ်ထူ(မ)ကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၆ခုနှစ်၊ မေလ

မာတိကာ ၂
စကားချီး ၆-၇
ငါးဖယ်ထူ(မြောက်)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် ၈
ငါးဖယ်ထူ(မြောက်)ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ဟသ်ာတမြို့နယ် ၉
ငါးဖယ်ထူ(မြောက်)ကျေးရွာအဖွဲ့အစည်းပြပုံ၊ဟသ်ာတမြို့နယ် ၁၀

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၁၁-၁၂
( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၁၂-၁၃
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၁၃-၁၄
( ခ) သဘာဝအရင်းအမြစ်များ ၁၄
(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၄
(က) လူဦးရေဆိုင်ရာအချက်အလက်များ ၁၄
( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၄
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ ၁၅
(ဃ) ကျန်းမာရေးနှင့်အာဟာရ ၁၅
( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၅-၁၆
( စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၆
(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၆
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၆
( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၆-၁၇
(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇
(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၇
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၈
(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၈
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၈

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု- လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၉

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၁၉

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၉

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၉-၂၁

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊ ၂၁-၂၂

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၂၄-၂၆

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၆

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၆-၂၇

( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း ၂၇-၂၈

(ဂ) ဦးစားပေးစီမံချက်များ ၂၈-၃၆

(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ ၃၇

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၃၈-၄၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၄၂

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၄၂-၄၃

( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ၄၃

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၄၃

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအမံများ ၄၄

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၄၄

(က)ကြီးကြပ်စစ်ဆေးခြင်း ၄၄-၄၅

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၄၆

(ဂ) နည်းပညာဆိုင်ရာအကူအညီ ၄၆

| | | |
|---|---|---|
| နောက်ဆက်တွဲ(၁) ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား | | ၄၇-၄၈ |
| နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း | | ၃၉ |
| နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ | | ၅၀ |
| ဇယား ၁ | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၅၀ |
| ဇယား ၂ | လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား | ၅၆-၅၆ |
| ဇယား ၃ | လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓန်းထား | ၅၆-၅၇ |
| ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၅၇-၅၈ |
| ဇယား ၅ | ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၅၈-၅၉ |
| ဇယား ၆ | ဥစ္စာခနေအဆင့်အခြေအနေ | ၅၉ |
| ဇယား ၇ | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၆၀ |
| ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၆၁ |
| ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျှော့ချရေး အစီအမံများ | ၆၁-၆၃ |
| ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၆၃-၆၄ |
| ဇယား ၁၁ | ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ | ၆၅-၆၆ |
| ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ | ၆၇-၆၈ |
| ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၆၉ |
| ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၇၀-၇၁ |
| ဇယား ၁၅ | အဓိကသီးနှံများနှင့်အထွက်နှုန်း | ၇၁-၇၂ |
| ဇယား ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု | ၇၂-၇၃ |
| ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၇၃-၇၄ |
| ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ | ၇၄-၇၅ |
| ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၇၅-၇၆ |
| ဇယား ၂၀ | မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ | ၇၆-၇၈ |
| ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ | ၇၈-၈၀ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ | ၈၀-၈၁ |
| ဇယား ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ | ၈၁-၈၂ |

နှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ ၈၂-၈၃
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း ၈၃-၈၄
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ ၈၄
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ ၈၅
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၈၆-၈၇
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၈၈
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း ၈၈-၈၉
ဇယား ၃၁ ကျောင်းတတ်နှုန်း ၈၉-၉၀
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ ၉၀-၉၁
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ ၉၁
ဇယား ၃၄ အဖြစ်များသောရောဂါများ ၉၁-၉၂
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု ၉၂-၉၃
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ ၉၃-၉၄
ဇယား ၃၇ သောက်သုံးရေရရှိမှု ၉၄-၉၅
ဇယား ၃၈ အိမ်သာအမျိုးအစား ၉၅-၉၆
ဇယား ၃၉ ကျား/မရေးရာ ၉၆-၉၇
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ ၉၇-၉၈
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု ၉၈-၉၉
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၉၉-၁၀၀
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ ၁၀၀
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ ၁၀၀-၁၀၁
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ ၁၀၁
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၁၀၁-၁၀၂
ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု ၁၀၂-၁၀၃
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ ၁၀၃
ကိုးကားစာရင်း ၁၀၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ငါးဖယ်ထူ(မြောက်)ကျေးရွာ၏ကျေးရွာသူ/ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ရွေးချယ်မှုများနှင့် လုပ်ငန်း

အစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

မေလ၂၀၂၆ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငါးဖယ်ထူ(မြောက်)ကျေးရွာ

ဟသ်ာတမြို့နယ်

# ကင်မွန်းချောင်းကျေးရွာအုပ်စု၊ ငါးဖယ်ထူ(မ)ကျေးရွာ



# ငါးဖယ်ထူ(မြောက်)ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်မြေပုံ၊ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ဓါတ်မြေသြဇာ | ဆေးဖျန်း | ဓါတ်မြေသြဇာ | ဓါတ်မြေသြဇာ | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | ပိုးသတ်ဆေးဖျန်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | အလွန်များ | များ | များ | များ | များ | များ | အလွန်များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | များ | များ | များ | များ | နည်း | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | များ | နည်း | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | ထမနဲပွဲ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | ခရစ္စမတ်ပွဲ | ကရစ်နှစ်သစ်ကူး | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မိုးရေကြီး | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

## ဟင်္သာတမြို့နယ်၊ကင်မွန်းချောင်းကျေးရွာအုပ်စု၊ ငါးဖယ်ထူ(မြောက်)ကျေးရွာအဖွဲ့အစည်းပြမြေပုံ ဂေါ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များ နှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ် သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီ အစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင် စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်

မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်း စေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက်ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟင်္သာတမြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ ခရိုင်တွင် တည်ရှိပါသည်။ ဟင်္သာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ဒီဂရီ၁၅မိနစ်နှင့် ၁၇ဒီဂရီ၅၀မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၁၀မိနစ်နှင့် ၉၅ဒီဂရီ၃၅မိနစ်ကြားတွင်တည်ရှိပြီး အကျယ်အဝန်းမှာ (၃၇၈.၆၅) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟင်္သာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဟင်္သာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ဟင်္သာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈ ံC)ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇ ံC)ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက် (၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇) လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာသည် ကင်မွန်းချောင်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသ ဖြစ်ပါသည်။ ငါးဖယ်ထူ(မြောက်)ကျေးရွာသည် ဟင်္သာတမြို့၏ အနောက်မြောက်ဘက်(၉)မိုင်ကွာဝေးပြီး တာဥ- ဓမ္မိဆက်သွယ်ရေးလမ်းမ၏ ဘေး မြောက်ဘက်ကပ်လျက်တွင်တည်ရှိပါသည်။ အရှေ့ဘက်တွင် ရွာသာ လက်ခုပ်ပင်ကျေးရွာ အုပ်စု၊ တောင်ဘက်တွင် ငါးဖယ်ထူ(တောင်)အုပ်စုနှင့် မြောက်ဘက်တွင် လိပ်ချောင်းအုပ်စု၊ အိုးဘိုကုန်းရွာနှင့် ငဝန် မြစ်ရေကာတာကြီးရှိပါသည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး ခြံလုပ်ငန်းတွင် ကွမ်းကို အဓိကထားစိုက်ပျိုးပါသည်။ ဆောင်းရာသီတွင် စပါးသိမ်းပြီး ပဲအမျိုးမျိုးကိုဆောင်းသီနှံအဖြစ် စိုက်ပျိုး

ပါသည်။ ရေလုပ်ငန်းအဖြစ် ငါးရှဉ့်ထောင်၊ ငါးဖမ်းလုပ်ငန်းများလည်း လုပ်ကိုင်ပါသည်။ နွေရာသီ ကွမ်းခြံစိုက်ပျိုးရေးအတွက် အင်းနှင့်နီးရာတွင် အင်းရေများအသုံးပြုပြီး ဝေးသောနေရာတွင် အဝီစိတွင်းရေများ အသုံးပြုပါသည်။ သောက်သုံးရေကို အဝီစိတွင်းမှ အသုံးပြုပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

ငါးဖယ်တူမြောက်ကျေးရွာတွင် သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ အင်းကောၤ အိုင်ကောများဖြစ်သည့် ဖွဲကမာန်အင်း၊ ကျောင်းအိုင်၊ သံလွင်ပင်အိုင်တို့ရှိပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ငါးဖယ်တူမြောက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၁၅)စုရှိပြီး လူဦးရေစုစုပေါင်း (၁၀၇၅)ဦး ရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းခန့်ရှိပါသည်။ အသက်(၁၅နှစ်မှ၆၅နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၆%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၀)နှစ်အထက် လူဦးရေစုစုပေါင်း (၁၉%)ခန့်သည် မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏(၃၀%)မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ(၁၇)စုရှိပြီး လယ်(၁၂.၅)ကေအထက် ပိုင်ဆိုင်သူများဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံး ကိရိယာများနှင့်နွားစသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အိမ်ထောင်စုများမှာ (၁၃၄)စုရှိပြီးလယ်(၁၂.၅-၂.၅)ကေကြား ပိုင်ဆိုင်ကြကာ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြ ပါသည်။ လယ်ယာသုံးကိရိယာများ အနည်းငယ်နှင့် ကြက်၊ ဘဲ၊ ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ်ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စု(၆၄)စုရှိပြီး လယ်(၂.၅)ကေအောက် ပိုင်ဆိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများပိုင်ဆိုင်မှုမရှိပါ။ အိမ်အခြေအနေမှာဝါး၊ ထရံကာ၊ သွပ်မိုးအိမ်များဖြင့် နေထိုင်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၆၄)စု ရှိသည့်အနက် (၃၀) ရာခိုင်နှုန်းမှာ (၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၇)ရာခိုင်နှုန်းမှာ(၃-၆)လအထိဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ ၎င်းတို့သည် လုပ်အားခကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော မိသားစုဝင်များထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသော ဆင်းရဲသောတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့လာလျှင် ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု (၆၀%) ခန့်မှာအခက်အခဲကြုံတွေ့ရနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက် ပြသကြရပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက် ဟင်္သာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြပါသည်။ ကျေးရွာတွင်အဝီစိတွင်း (စက်တပ်)(၁၂၃)တွင်းရှိပြီး အဝီစိတွင်း(တုံကင်) (၃၆)တွင်း ရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှုလျော့နည်းလာပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ် ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား/သူများ သွားရောက်ပညာသင်ကြားကြပါသည်။ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ အားလုံးသည် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများတွင် ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိပါသည်။

ကျေးရွာရှိလယ်မြေများ၌ မိုးရာသီတွင်စပါးနှင့် ဆောင်းရာသီတွင် မတ်ပဲတို့ကို နှစ်သီးစား စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်း၊ နာနတ်နှင့် ပန်းတို့ကို စိုက်ပျိုးကြပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲ မွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ကိုယ်ပိုင်လယ်ယာမြေမရှိသော

အိမ်ထောင်စုများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ကျပန်းလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေမှာ အမျိုးသားလူဦးရေ ထက် အနည်းငယ်များပါသည်။စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တို့တွင် အမျိုးသားတစ်ဦးလျှင် (၁၃၀၀၀) ကျပ်မှ (၁၅၀၀၀)ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၁၀၀၀၀)ကျပ်မှ (၁၅၀၀၀)ကျပ်ခန့် ရရှိကြပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/အမျိုးသမီး လူဦးရေမှာ မျှတပြီး အမျိုးသမီးဦးရေမှာ အနည်းငယ်များပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက် နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြပါသည်။ သို့သော် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အနည်းငယ် အားနည်းနေဆဲဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာရှိလယ်သမားများသည် စပါးနှင့်မတ်ပဲတို့ကိုသာ အဓိကစိုက်ပျိုးကြပြီး စိုက်ဧက (၃၃၈.၁)ဧက စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေတွင် ကွမ်း၊ နာနတ်နှင့် ပန်းတို့ကို (၁၀၉.၈၇)ဧက စိုက်ပျိုးကြပြီး စိုက်ခင်းအားလုံးသည် အစေ့ချစနစ်ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး

ဘဏ်မှ ပံ့ပိုးသောချေးငွေမှာ စိုက်ပျိုးစရိတ်ကို အထောက်အကူပြုသော်လည်း ရာသီချိန်အမီမရရှိပါ။ ထို့ကြောင့် စိုက်ပျိုးရေးစရိတ်အတွက် (မြေပြင်ချိန်မှစ၍ ပေါင်းသတ်ခြင်း၊မြေသြဇာကျဲပတ်ချိန်အတွင်း) အရင်းအနှီးလိုအပ်ချက်အား ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေသြဇာအရောင်းဆိုင်များမှ အတိုးနှုန်း (၅)ကျပ်နှုန်းဖြင့် ချေးယူရပါသည်။ ဆောင်းသီးနှံတွင် ပြုပြင်ချိန်တိုတောင်းခြင်းနှင့် ရာသီချိန်တိုတောင်းခြင်းကြောင့် လယ်သမားများအားလုံးသည် ကြဲပတ်ခုတ်ဖုံးစနစ်ဖြင့်သာ အစေ့ချစနစ်ကို အသုံးပြုကြပါသည်။ နေအိမ်ခြံဝန်းများတွင် ကွမ်းတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး သီးပင်စားပင်များကို အိမ်ထောင်စုအလိုက် စားလောက်ရုံသာ စိုက်ပျိုးကြပါသည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲများကို မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူနည်းပါးပါသည်။ ဈေးဆိုင်အရောင်းအဝယ်၊ လုပ်သားနှင့် ကျပန်းလုပ်သားများအဖြစ်လုပ်ကိုင်သူများလည်းရှိပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင်စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတလေ့လာမှုအားနည်းမှုများကြောင့် လယ်စိုက်ခင်းနှင့်မတ်ပဲ၊ ကွမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ငါးဖယ်ထူ(မြောက်) ကျေးရွာသည် မုန်တိုင်းဘေးအန္တရာယ်မှာ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့၊ မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်ကိုင်ဖုန်း၊ ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ မြို့နယ်နှင့် ဝေးကွာသည့်အတွက် ဒေသလုံခြုံရေးအား ကျေးရွာအုပ်စုရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး တစ်ကေလျှင် (၃၀၀၀၀၀)ကျပ်နှုန်းထုတ်ချေးပေးပါသည်။ သို့သော်စိုက်ပျိုးစရိတ်များ၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာမှုကြောင့် မလောက်ငှသည့်အပြင် စိုက်ပျိုးစရိတ်အချိန်မီမရရှိသဖြင့် များစွာအခက်အခဲဖြစ်ရပါသည်။ အတိုးနှုန်းမှာ (၀.၆)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၁၂)လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။

စတာပါနာနှင့် မဟာငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါ။ စိုက်ပျိုးရေးအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် ချေးငွေရရှိပါသည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်ပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲမရှိပါ။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင်မူလတန်းကျောင်းရှိပါသည်။ ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းရှိပါသည်။မြို့နယ်ဆေးရုံမှာ ကျေးရွာနှင့်(၇)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာအတွင်း ခြံစည်းရိုးကာရံထားသော သောက်ရေတွင်းမရှိပါ။ အဝီစိတွင်း (၁၅၉)လုံးရှိ၍ သောက်ရေအတွက် လုံလောက်မှုရှိသော်လည်း ပါသည်။ ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၂၁၅)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ နေအိမ်ခြံဝန်းတစ်ခုတည်း၌ရှိခြင်း၊ ကျန်းမာရေး အသိအမြင်ရှိခြင်းများကြောင့် အိမ်တိုင်းစေ့လိုလိုသုံးစွဲလျက်ရှိပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များမှာကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များတွင် တက်ကြွစွာပါဝင် လှုပ်ရှားဆောင်ရွက်ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အားတက်သရောပါဝင်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု- လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုကြပါသည်။ စက်ဘီး(၂၀)စီး၊ ဆိုင်ကယ်(၁၆၄)စီး၊ ထော်လာဂျီ(၅)စီးနှင့် ကား(၆)စီးတို့ကို အသုံးပြု၍ သွားလာကြပါသည်။ ကျေးရွာလမ်းမှာ ချောင်းကျောက်လမ်းဖြစ်ပြီး (၁၇၇၄၀)ပေခန့် ရှည်လျားပါသည်။ ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းဖြစ်ပြီး (၁)မိုင်ခန့် ရှည်လျားပါသည်။

ကျေးရွာတွင် မီးအလင်းရောင်အတွက်ဆိုလာ၊ ဘက်ထရီမီးနှင့် ဖယောင်းတိုင်မီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုအားလုံး လျှပ်စစ်မီးမရရှိသေးသဖြင့် လျှပ်စစ်မီးရရှိရန် ကျေးရွာမှ စိတ်အားထက်သန်နေကြပါသည်။ ကျေးရွာတွင် Oredoo၊ MPT၊Telenor၊ Mytel ဆက်သွယ်ရေး ဖုန်းလိုင်းများကို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း အိမ်ထောင်စုများသည် မိသားစုပမာခင်မင်ရင်းနှီးစွာ နေထိုင်တတ်သောဓလေ့ရှိကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အခြားအမှုအခင်း ဖြစ်ပွားခြင်း လုံးဝမရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာအနေဖြင့် စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ သီးနှံမျိုးစေ့များကို ဝယ်ယူ၍ရနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချရန်စျေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ ရေခံမြေခံကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အသင့်အတင့် ဝယ်ယူ ရရှိနိုင်ခြင်း၊ မွေးမြူသောတိရစ္ဆာန်များအတွက် လိုအပ်သောသွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူထားသော ထုတ်ကုန်များရောင်းချရန် ဈေးကွက်ရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာ ကျေးရွာတွင် မူလတန်းကျောင်းရှိခြင်း၊ ဆရာ/ဆရာမအင်အား လုံလောက်မှုရှိခြင်း တို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိခြင်း၊ မြို့နယ်ဆေးရုံနှင့် (၇)မိုင်သာ ကွာဝေးခြင်းတို့ဖြစ်ပါသည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၇၀၉)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၆၆%)ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေ အသင့်အတင့်ရှိသော ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာတိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် စပါး၊ မတ်ပဲ၊ ကွမ်း၊ နာနတ်နှင့် ပန်းတို့ကို စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ရောင်းချချိန်တွင် သီးနှံဈေးနှုန်းမကောင်းသောကြောင့် မိမိလုပ်အားခ ပြန်ရရုံ ထုတ်လုပ်မှုအဆင့်သာရှိသော်လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါး၊ မတ်ပဲနှင့် ကွမ်း၊ နာနတ်နှင့် ပန်းတို့ကို ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင် ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကိုအတန်အသင့်ဖူလုံစေသည်ဟုဆိုရမည်ဖြစ်ပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် (၉၅)မိုင်အတွင်းသာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသော ချေးငွေကိုထုတ်ယူနိုင်သည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သောရင်းနှီးငွေပမာဏအား ရရှိနိုင်ပါသည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး မိဘ/ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအထိ ကောင်းမွန်သောအလားအလာများ ဖြစ်ပါသည်။၎င်းအပြင် အထက်တန်းကျောင်းမှာကျေးရွာအနီးတွင်ရှိသဖြင့် ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတတ်လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး ဟသ်ာတမြို့နယ်ဆေးရုံနှင့် (၇)မိုင်ခန့်သာကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကျေးရွာတွင်လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ကြပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် လူကြီးသူမများ၏ဆုံးမမှုများကြောင့် မှုခင်းများဖြစ်ပွားမှု မရှိခြင်းကလည်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

### (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။

### (၁) စိုက်ပျိုးရေး

ငါးဖယ်ထူ(မြောက်)ကျေးရွာရှိ လယ်ယာမြေများတွင်ရေ နုတ်မြောင်းများကို စနစ်တကျတူးဖော်ပေးခြင်းမရှိသဖြင့် မိုးရာသီတွင်မိုးများပါက မြေနိမ့်ပိုင်းရှိ လယ်ယာမြေများ ရေနစ်မြုပ်မှုဒဏ်ခံစားရပါသည်။

စပါးအထွက်တိုးနည်းပညာများကို စနစ်တကျသိရှိမှုမရှိခြင်း၊ လိုအပ်သောသွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှုမရှိနိုင်ခြင်းကြောင့် အကျိုးရလဒ်ကို အထင်အရှားမမြင်ရနိုင်၍

နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ်ဖြစ်ထွန်းလာစေရန် များစွာအချိန်ယူရအုံးမည်ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ လုံလောက်သော အရင်းအနှီးမရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်နေခြင်းနှင့် မွေးမြူထားသောထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်း တို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက်အခက်အခဲမှာ မိမိတို့ကျေးရွာတွင် အလယ်တန်း ကျောင်းမရှိခြင်း၊ ဆရာ/ဆရာမဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ယာမရှိခြင်း၊ အလယ်တန်း၊ အထက်တန်းပညာရေးအတွက် ဆင်းရဲသောမိသားစုများမှာ ကျောင်းစရိတ်အား မတတ်နိုင်ခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

ငါးဖယ်ထူ(မြောက်)ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခက်အခဲများမှာ ကျန်မာရေးဆိုင်ရာ အထောက်အကူပြုဆေးဝါးနှင့် စမ်းသပ်ကိရိယာများ မပြည့်စုံခြင်းဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများတတ်မြောက်မှု အားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက်ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

ငါးဖယ်ထူ(မြောက်)ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများရရှိသော်လည်း တင်းကြပ်သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။ ကျေးရွာ၏ဓလေ့မှာ လူကြီးများသာခေါင်းဆောင်တင်မြောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော မိမိတို့၏အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေးသဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ

ကျွန်ုပ်တို့ငါးဖယ်ထူ(မြောက်)ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်း ဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၆ခုနှစ်မှ၂၀၃၀ခုနှစ်) အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာတွင်းလမ်းအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ် ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှု အဆင်ပြေ စေရန်အတွက် ကုန်ထုတ်လမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာတွင်း ကျန်ရှိသောလမ်းအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကိုသက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၃) ကျေးရွာမီးလင်းရေးအတွက် ကျန်ရှိသောအိမ်ထောင်စုများအား လျှပ်စစ်ဓါတ်အားလိုင်းနှင့်ချိတ်ဆက်ရန်အတွက် သက်ဆိုင်ရာဌာနသို့ တင်ပြထားခြင်း၊ မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း၊ ငွေကြေးများကို ကြိုတင်စုဆောင်းထားခြင်းများကို အရေးတကြီးဆောင်ရွက်ရန်လိုအပ်ပါသည်။

(၄) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်းလူကြိုက်များသော သီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၅) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများအတွက်ချိ တ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန်လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းရှိ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**(ခ)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ငါးဖယ်ထူ(မြောက်)ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဆောင်းသီးနှံ (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

**(ဂ)အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက်အပံ့များဖြည့်ဆည်းပေးခြင်း**

ငါးဖယ်ထူ(မြောက်)ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဟသ်ာတမြို့နှင့်(၇)မိုင်ခန့်သာ ဝေးလှသော်လည်း ကျုံတုံး-တာဂွလမ်းမှတစ်ဆင့် ရာသီမရွေး သွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်း စသည့်အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့်ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင် ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်းအရေးပါလှပါသည်။

ထို့အပြင်အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါမည်။

